အမျိုးသမီး၊ လူငယ်နှင့်
ကလေးသူငယ်ရေးရာ
ဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာဝန်ကြီး ဌာန
# ထုတ်ပြန်ကြေညာချက်အမှတ် ၄/၂၀၂၂
# ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ (၁၁) ရက်

## အပြည်ပြည်ဆိုင်ရာ မိန်းကလေးငယ်များနေ့ ၂၀၂၂ ခုနှစ်

**"ကျွန်မတို့အချိန် - ကျွန်မတို့အခွင့်အရေး နဲ့ ကျွန်မတို့အနာဂတ်"**
**"Our Time Is Now – Our Rights, Our Future."**

၁။ အောက်တိုဘာ (၁၁)ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မိန်းကလေးငယ်များနေ့ ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ မိန်းကလေးများတွင် ပညာရေး အခွင့်အလမ်း လက်လှမ်းမမှီခြင်း၊ လုပ်ငန်းခွင်တွင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်ချုပ်ချယ်ခြင်း၊ တရားဝင်အခွင့်အရေးများဆုံးရှုံးမှုများ အပါအဝင် တွေ့ကြုံခံစားနေရသော အခြေအနေများကို သတိပြုရန်နှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးကို ယနေ့အချိန်တွင် ပိုမိုဖြည့်စည်း ပံ့ပိုးပေးနိုင်ရန်နှင့် တိုးမြှင့်ရန် အဓိက သတင်းစကားပေးလိုပါသည် ။

၂။ အပြည်ပြည်ဆိုင်ရာ မိန်းကလေးငယ်များနေ့တွင် ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "**ကျွန်မတို့အချိန် - ကျွန်မတို့အခွင့်အရေး နဲ့ ကျွန်မတို့အနာဂတ်**"ဆိုသည့်အတိုင်း မိန်းကလေးငယ်များအတွက် ပညာ သင်ကြားသင်ယူမှု အခွင့်အရေး၊ တီထွင်ဖန်တီးမှု အခွင့်အရေး၊ ကျား/မတန်းတူညီမျှမှု၊ ခေါင်းဆောင်မှု အတွက် အရည်အသွေးများ အာမခံမှု စသည့် မိန်းကလေးငယ်များအခွင့်ရေးနှင့် အနာဂတ်များ ပိုမို ခိုင်မာမှုရှိရန် အတွက် အရွယ်ရောက်နှင့်ပြီးသောသူများမှ ယနေ့အချိန်မှပင်စတင် တာဝန်ယူ ပံ့ပိုး လုပ်ဆောင်ရမည်ဖြစ်ပါသည်။

၃။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ မိန်းကလေးငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ ကျား/မတန်းတူညီမျှမှုနှင့် ခေါင်းဆောင်မှုတို့အတွက် အားသွန်ခွန်စိုက် ကြိုးစားခဲ့သည့်အတိုင်း ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးလက်နေ အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ အခြေအနေအစီရင်ခံစာကို စက်တင်ဘာလ (၁၅) ရက်နေ့ ၂၀၂၂ ခုနှစ် တွင် ကမ္ဘာကုလသမဂ္ဂသို့ တင်သွင်းပြီး ဖြစ်ပါသည်။

၄။ စစ်ကောင်စီ၏ မအောင်မြင်သော အာဏာသိမ်းရန် ကြိုးစားမှု စတင်ခဲ့သော ဖေဖော်ဝါရီလ၊ ၂၀၂၁ ခုနှစ်မှစ၍ ပြည်သူတို့ကို နှိပ်ကွပ်မှုအဖုံဖုံဖြင့် ဖမ်းဆီး၊ သတ်ဖြတ်၊ မီးရှို့စသည့်ဖြင့် ကျူးလွန်နေခဲ့ရာတွင်

မိန်းကလေးငယ်များအပါအဝင် ပြည်သူလူထုအနေဖြင့် လူမှုစီးပွား အခြေအနေနှင့် အနာဂတ်အားလုံးနိမ့်ကျပျက်စီးခဲ့ရပါသည်။

၅။ သို့ပါသောကြောင့် မိန်းကလေးငယ်များအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးတည်ဆောက်ရန် စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးတွင် အားလုံးအတူတကွ အားသွန်ခွန်စိုက်ပါဝင်လုပ်ဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဆက်သွယ်ရန် ။ ။ mowyca@nugmyanmar.org